Message Twelve

# ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၊ ယေရှု၏ဝိညာဉ်တော်နှင့် ဘုရားသခင်၏ နိုင်ငံတော်

ဖတ်ရန်ကျမ်း။ ။ တ၊၁း၃။ ၂း၃၂-၃၆။ ၈း၁၂။ ၁၄း၂၂။ ၁၆း၆-၇။ ၂၀း၂၈။ ၂၈း၂၃၊ ၃၁

**I. ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်းသည် ဓမ္မသစ်ကျမ်းတစ်ခုလုံး၏ ဘောင်ဖြစ်သည့်နည်းတူ၊ ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်းသည် တမန်တော်ဝတ္ထု၏ ဖွဲ့စည်းတည်ဆောက်ပုံ ဖြစ်သည်။ တမန်တော်ဝတ္ထု၏ အခန်းကြီးတစ်ခန်းပြီးတစ်ခန်းတွင် ဘုရားသခင်၏ဓမ္မသစ်စီမံကိန်းကို သယ်ဆောင်ခြင်းအတွက် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ ပြုပြင်လုပ်ဆောင်မှုကို ဖွင့်ပြထားသည် - ဥပမာ၊ ၁း၁-၂၊ ၄-၅၊ ၈၊ ၁၁၊ ၂၁။ ၂း၄၊ ၁၇-၁၈၊ ၂၁-၂၄၊ ၂၇၊ ၃၁-၃၃၊ ၃၆၊ ၃၈။ ၁၃း၂၊ ၄၊ ၇၊ ၉-၁၀၊ ၁၂၊ ၁၆၊ ၂၃၊ ၃၀၊ ၃၃-၃၉၊ ၄၉-၅၀၊ ၅၂။ ၂၈း၁၅၊ ၂၃၊ ၂၅၊ ၃၁။**

A. သုံးပါးတစ်ပါးဘုရား - ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော် - သည် သားတော်၏ တက်ကြွခြင်းနှင့် ဝိညာဉ်တော်ကို သွန်းလောင်းခြင်းနှင့်အတူ အပြည့်အဝ ပါဝင်နေခဲ့သည် - ၂း၃၂-၃၆။

1. သားတော်သည် တက်ကြွခဲ့ပြီး၊ ခမည်းတော်သည် ကိုယ်တော်ကို ချီးမြှောက်ခဲ့ကာ၊ ဝိညာဉ်တော်သည် သွန်းလောင်းခြင်း ရှိခဲ့သည် - လု၊၂၄း၅၁။ ဖိ၊၂း၉။ တ၊၁း၉-၁၁။ ၂း၃၂-၃၆။

2. ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်တို့သည် အဆင့်ဆင့်ဖြတ်ကျော်ခဲ့သော သုံးပါးတစ်ပါးဘုရား၏ ပြီးမြောက်ပြည့်စုံခြင်းအဖြစ် ဝိညာဉ်တော်ကို သွန်းလောင်းခြင်းနှင့်အတူ လွှမ်းခြုံပါဝင်နေသည် - အငယ်၊၃၃။ ယော၊၇း၃၇-၃၉။ ဖိ၊၁း၁၉။

B. တမန်တော် ၁၆း၆-၇ ၌ *သန့်ရှင်းသောဝိညာဉ်တော်* နှင့် *ယေရှု၏ဝိညာဉ်တော်* တို့ကို ဖလှယ်ပြီး အသုံးပြုထားခြင်းမှာ ယေရှု၏ ဝိညာဉ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်ကြောင်း ဖွင့်ပြခြင်းဖြစ်သည်။

1. *သန့်ရှင်းသောဝိညာဉ်တော်* သည် ဓမ္မသစ်ကျမ်း၌ ဘုရားသခင်၏ဝိညာဉ်တော်၏ ယေဘုယျ အမည်နာမဖြစ်သည် - တ၊၉း၁၇၊ ၃၁။

2. သုံးပါးတစ်ပါးဘုရားကို ထည့်ဝင်သော ထည့်စရာတန်ဆာအနေဖြင့် ပေါလုသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်း၊ ယေရှု၏ဝိညာဉ်တော်နှင့်လည်းကောင်း အပြည့်အဝ စေ့စပ်ထုံးဖွဲ့ခံရသည် - ဧ၊၃း၁၄-၁၇။ လု၊၁း၃၅။ တ၊၂း၃၂-၃၆။ ဖိ၊၁း၁၉။

3. သခင်ဘုရားအတွက် ကျွန်ုပ်တို့လုပ်ဆောင်သည့် အလုပ်အမျိုးအစားသည် ကျွန်ုပ်တို့အား လမ်းညွှန်ခဲ့သော၊ ညွှန်ကြားခဲ့သော၊ သွန်သင်လမ်းပြခဲ့သော၊ စေ့စပ်ထုံးဖွဲ့ပေးသောသူဖြစ်သည့် ဝိညာဉ်တော်၏ အမျိုးအစားအပေါ် မူတည်သည်။ အရာအားလုံးပါဝင်သော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏စေ့စပ်ထုံးဖွဲ့မှုဖြစ်လာသောအခါ၊ ကျွန်ုပ်တို့၏အလုပ်သည် ဤဝိညာဉ်တော်၏ ထင်ရှားခြင်း ဖြစ်လိမ့်မည် - တ၊၁၆း၆-၇။ ရော၊၈း၉။ ဖိ၊၁း၁၉။

C. ဘုရားသခင်သည် အသင်းတော်ကို "မိမိကိုယ်တိုင်၏ အသွေးတော်ဖြင့်" ရယူခဲ့ခြင်းဖြစ်သည် - တ၊၂၀း၂၈။

1. ဘုရားသခင်သည် အသင်းတော်ကို "မိမိကိုယ်တိုင်၏အသွေး" အဖိုးအခကို ပေးခြင်းအားဖြင့် ဝယ်ယူခဲ့သည်။

2. ကျွန်ုပ်တို့၏ဘုရားသခင်၊ ဖန်ဆင်းရှင်၊ ထာဝရဖြစ်သောအရှင်သည် လူ့ဇာတိခံခြင်းမှတစ်ဆင့် လူနှင့်အတူ ရောနှောပေါင်းစည်းခဲ့သည် - ယော၊၁း၁၊ ၁၄။

a. ရလဒ်အနေဖြင့် ကိုယ်တော်သည် ဘုရားသခင်မျှသာ မဟုတ်တော့ပါ - ကိုယ်တော်သည် ဘုရား-လူဖြစ်လာခဲ့ပြီး၊ အသွေးရှိသောသူ၊ ကျွန်ုပ်တို့အတွက် အသေခံရန် တတ်စွမ်းနိုင်သောသူ ဖြစ်သည် - ၁ယော၊၁း၇။

b. ဘုရား-လူဖြစ်သည့် သခင်ယေရှုသည် ကားတိုင်ပေါ်မှာ အသေခံခဲ့သောအခါ ကိုယ်တော်သည် လူတစ်ဦးအဖြစ်သာမက ဘုရားသခင်အဖြစ်လည်း အသေခံခဲ့ခြင်းဖြစ်သည်။

3. ကိုယ်တော်သွန်းခဲ့သောအသွေးတော်သည် လူသားယေရှု၏အသွေးမျှသာမက၊ ဘုရား-လူ၏ အသွေးလည်း ဖြစ်သည်။

4. ထို့ကြောင့် ဘုရားသခင်က အသင်းတော်ကို ရယူခဲ့သော ကိုယ်တော်၏အသွေးသည် "မိမိကိုယ်တော်တိုင်၏အသွေး" ဖြစ်သည် - တ၊၂၀း၂၈။

**II. *ယေရှု၏ဝိညာဉ်တော်* သည် ဘုရားသခင်၏ဝိညာဉ်တော်နှင့်စပ်လျဉ်းသည့် သီးသန့် ဖော်ပြချက်ဖြစ်၍၊ လူသားဇာတိ၌ ယေရှု အဖြစ် လူသားအသက်ရှင်ခြင်းနှင့် ကားတိုင်ပေါ်မှာအသေခံခြင်းကို ဖြတ်ကျော်ခဲ့သောသူဖြစ်သည့် လူ့ဇာတိခံသော ကယ်တင် ရှင်၏ ဝိညာဉ်တော်ကို ရည်ညွှန်းခြင်းဖြစ်သည် - ၁၆း၇။**

A. ယေရှု၏ဝိညာဉ်တော်၌ ဘုရားသခင်၏ ဘုရားဆိုင်ရာ ဒြပ်သဘာဝမျှသာမက၊ ယေရှု၏ လူသားဒြပ်သဘာဝနှင့် ကိုယ်တော်၏ လူသားအသက်ရှင်ခြင်းနှင့် အသေခံခြင်း ဝေဒနာခံစားရခြင်းတို့လည်းပါသော ဒြပ်သဘာဝများလည်း ပါရှိသည် - ၁း၃။

B. ယေရှု၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့က ဘုရားဆိုင်ရာအသက်ကို အသက်ရှင်နိုင်စေဖို့ ကိုယ်တော်၌ ဘုရားဇာတိနှင့်အတူ ဘုရားသခင်၏ ဝိညာဉ်တော် ဖြစ်သည်သာမက၊ ကျွန်ုပ်တို့က သင့်လျော်မှန်ကန်သည့် လူသားအသက်တာကို အသက်ရှင်ရန်နှင့် ၎င်း၏ ဒုက္ခဆင်းရဲမျှားကို ကြာရှည်ခံရပ်နိုင်စေဖို့ ကိုယ်တော်၌ လူသားဇာတိနှင့်အတူ လူသားယေရှု၏ ဝိညာဉ်တော်လည်း ဖြစ်သည် - ရော၊၈း၁၈။ ၂ကော၊၁း၅။

1. ပေါလုသည် သူ၏ဒုက္ခဆင်းရဲခံစားရခြင်း၌ ယေရှု၏ဝိညာဉ်တော်ကို လိုအပ်ခဲ့သည်၊ အကြောင်းမှာ ယေရှု၏ဝိညာဉ်တော်၌ ဒုက္ခဆင်းရဲခံစားရသော ဒြပ်သဘာဝနှင့် ညည်းပန်းနှိပ်စက်မှုကို ခံရပ်နိုင်ရန် ဒုက္ခခံနိုင်သော ခွန်အား ရှိနေသောကြောင့်ဖြစ်သည် - ကော၊၁း၂၄။ တ၊၉း၁၅-၁၆။ ၁၆း၇။
2. ယနေ့ ကျွန်ုပ်တို့ ဧဝံဂေလိဟောပြောခြင်း၌လည်း ကျွန်ုပ်တို့သည် ဆန့်ကျင်မှုနှင့် ညည်းပန်းနှိပ်စက်မှုကို ရင်ဆိုင်ရန် ယေရှု၏ ဝိညာဉ်တော်ကို လိုအပ်သည်။

C. ယေရှု၏ဝိညာဉ်တော်၌ သန့်ရှင်းသောဝိညာဉ်တော်ထက် ပို၍ ပါဝင်မှုရှိသည် - အငယ်၊၆-၇။

1. သန့်ရှင်းသောဝိညာဉ်တော်၌ သခင်ယေရှု၏ လူ့ဇာတိခံခြင်းနှင့် မွေးဖွားခံခြင်းသာ ပါဝင်သည် - လု၊၁း၃၅။ မ၊၁း၁၈၊ ၂၀။
2. ယေရှု၏ဝိညာဉ်တော်၌ ကိုယ်တော်၏ လူသားဇာတိ၊ လူသားအသက်ရှင်ခြင်း၊ အရာအားလုံးပါဝင်သောအသေခံခြင်း၊ အသက်ဖြန့်ဖြူးပေးသော ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းတို့ ပါဝင်သည် - တ၊၁း၁-၃၊ ၈။ ၂း၂၃၊ ၃၂၊ ၃၆။

D. ခရစ်တော်၏ဝိညာဉ်တော်သည် ခရစ်တော်၏ စစ်မှန်ခြင်းဖြစ်သည့်နည်းတူ၊ ယေရှု၏ဝိညာဉ်တော်သည် ယေရှု၏ စစ်မှန်ခြင်း ဖြစ်သည် - ရော၊၈း၉။ တ၊၁၆း၇။

1. ကျွန်ုပ်တို့၌ ယေရှု၏ဝိညာဉ်တော် မရှိလျှင် ယေရှုသည် ကျွန်ုပ်တို့ထံသို့ စစ်မှန်ခြင်းရှိမည်မဟုတ်ပါ။
2. ယေရှုသည် ကျွန်ုပ်တို့ထံသို့ စစ်မှန်ရခြင်းမှာ ကျွန်ုပ်တို့၌ ယေရှု၏ စစ်မှန်ခြင်း၊ သိမှတ်နားလည်ရခြင်းအဖြစ် ယေရှု၏ ဝိညာဉ်တော် ရှိနေသောကြောင့် ဖြစ်သည် - အငယ်၊၇။

**III. ဘုရားသခင်၏နိုင်ငံတော်သည် တမန်တော်ဝတ္တုတွင် တမန်တော်များ၏ ဟောပြောခြင်း၌ အဓိကအကြောင်းအရာ ဖြစ်သည် - ၁း၃။ ၈း၁၂။ ၁၄း၂၂။ ၁၉း၈။ ၂၀း၂၅။ ၂၈း၂၃၊ ၃၁။**

A. ရှင်ပြန်ထမြောက်သောခရစ်တော်သည် ရက်ပေါင်းလေးဆယ်ကာလအတွင်း တမန်တော်များထံ ပေါ်ထွန်းခဲ့ခြင်း၌ “ဘုရားသခင်၏ နိုင်ငံတော်နှင့် စပ်ဆိုင်သောအရာတို့”ကို ပြောခဲ့ရခြင်းအကြောင်းရင်းမှာ နိုင်ငံတော်သည် တမန်တော်များက လာမည့် ပင်တေကုတ္တေပွဲပြီးနောက် ခန့်အပ်စေခိုင်းခံရခြင်း၌ ဟောပြောကြမည့် အဓိကအကြောင်းအရာ ဖြစ်လိမ့်မည်ဖြစ်ကြောင်း ညွှန်ပြခြင်းဖြစ်သည် - ၁း၃။

B. ဓမ္မသစ်ကျမ်းအရ ဘုရားသခင်၏နိုင်ငံတော်သည် မြင်နိုင်သော၊ ရုပ်ပိုင်းဆိုင်ရာဖြစ်သော နယ်ပယ်မဟုတ်ပါ။ အမှန်တကယ်တွင် ဘုရားသခင်၏နိုင်ငံတော်သည် ပုဂ္ဂိုလ်ဖြစ်ပြီး၊ သခင်ယေရှုခရစ်တော် ကိုယ်တော်တိုင်ပင်ဖြစ်သည် - လု၊၁၇း၂၀-၂၁။

C. အသင်းတော်များနှင့် ဘုရားသခင်၏နိုင်ငံတော်သည် အတူတကွ သွားနေသည်။ အသင်းတော်များသည် ရှင်ပြန်ထမြောက်သောခရစ်တော်၏ တိုးပွားပျံ့နှံ့ခြင်းအားဖြင့် ထုတ်လုပ်ထွက်ပေါ် ခဲ့ပြီး၊ ယင်းမှာ ယနေ့ မြေကြီးပေါ် ဘုရားသခင်၏နိုင်ငံတော်အတွက်ဖြစ်သည် - တ၊၁၄း၂၂။ ၂၀း၂၅။

1. ဝိညာဉ်တော်အားဖြင့် တပည့်တော်များမှတစ်ဆင့် တက်ကြွခြင်း၌ မိမိကိုယ်တော်တိုင် တိုးပွားပျံ့နှံ့စေသောအရှင်ဖြစ်သည့် ရှင်ပြန်ထမြောက်သောခရစ်တော်သည် ဘုရားသခင့်နိုင်ငံတော်၏ စစ်မှန်ခြင်းဖြစ်သည်။ ဘုရားသခင်၏နိုင်ငံတော်သည် ကိုယ်တော်၏ ကြီးမားကျယ်ပြန့်တော်မူခြင်းဖြစ်သည် - ၁း၈။ ၈း၁၂။

a. အသင်းတော်များသည် ခရစ်တော်၏ ကြီးမားကျယ်ပြန့်ခြင်းဖြစ်ပြီး၊ ကိုယ်တော်သည် ဘုရားသခင့်နိုင်ငံတော်၏ မျိုးစေ့အဖြစ် မိမိကိုယ်တော်တိုင်ကို မျိုးကြဲရန် ကြွလာခဲ့သူဖြစ်သည်။ ဤအရာကို ဧဝံဂေလိစာစောင်များ၌ ဖွင့်ပြထားခြင်းဖြစ်သည် - မာ၊၄း၃၊ ၂၆။
b. ဧဝံဂေလိစာစောင်များ၌ ခရစ်တော်သည် နိုင်ငံတော်မျိုးစေ့ ဖြစ်ခဲ့သည်။ တမန်တော်ဝတ္ထုတွင် ဤမျိုးစေ့သည် ဘုရားသခင်၏နိုင်ငံတော်အဖြစ် အသင်းတော်များကို ထုတ်လုပ်ရန် တိုးပွားပျံ့နှံ့ခြင်းကို ကျွန်ုပ်တို့မြင်ရသည် - ၈း၁၊ ၁၂။ ၁၃း၁-၄။

2. အသင်းတော်များ၌ရှိသော ကျွန်ုပ်တို့သည် ခရစ်တော်၏ တိုးပွားပျံ့နှံ့ခြင်းနှင့် ခရစ်တော်၏ကြီးမားကျယ်ပြန့်ခြင်းဖြစ်ကာ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏နိုင်ငံတော် ကြီးမားကျယ်ပြန့်လာခြင်း ဖြစ်ကြသည် - ဗျာ၊၁း၉၊ ၁၁။

D. ဘုရားသခင်၏နိုင်ငံတော်သည် ယုံကြည်သူများအထဲသို့ အသက်အဖြစ် ခရစ်တော်၏ ပျံ့နှံ့ခြင်းဖြစ်ပြီး၊ ကိုယ်တော်၏ အသက်၌ ဘုရားသခင်အုပ်စိုးခြင်းရှိနိုင်သည့် နယ်ပယ်ကို ဖြစ်ပေါ်စေခြင်း ဖြစ်သည် - ၂ပေ၊၁း၃-၁၁။

1. ဤနိုင်ငံတော်အထဲသို့ ဝင်ရောက်ရန် လူများသည် သူတို့၏အပြစ်များမှ နောင်တရ၍၊ ဧဝံဂေလိတရား၌ ယုံကြည်လက်ခံရန် လိုအပ်သည်၊ သို့မှသာ သူတို့၏အပြစ်များသည် ခွင့်လွှတ်ခံရပြီး၊ ထိုသို့ဖြင့် သူတို့သည် ဘုရားဆိုင်အရာအသက်တည်းဟူသော ဤနိုင်ငံတော်၏ ဘုရားဆိုင်ရာသဘောသဘာဝနှင့် ကိုက်ညီသည့်အသက်ကို ရရှိရန် ဘုရားသခင်အားဖြင့် အသစ်မွေးဖွားခံရနိုင်မည်ဖြစ်သည် - မာ၊၁း၁၅။ ယော၊၃း၃၊ ၅။

2. ခရစ်တော်၌ ယုံကြည်သူများအားလုံးသည် အသင်းတော်ခေတ်၌ ဘုရားသခင်ကို ကိုယ်တော်၏ ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၌ရှိသောဝမ်းမြောက်ခြင်းအဖြစ် မွေ့လျော်ဝမ်းမြောက်မှုအတွက် နိုင်ငံတော်ကို မျှဝေခံစားနိုင်ကြသည် - ရော၊၁၄း၁၇။

3. ဘုရားသခင်၏နိုင်ငံတော်သည် လာမည့်နိုင်ငံတော်ခေတ်၌ အောင်မြင်သော ယုံကြည်သူများက အမွေခံ၍ မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ခရစ်တော်၏နိုင်ငံနှင့် ဘုရားသခင်၏ နိုင်ငံတော် ဖြစ်လာမည်ဖြစ်ပြီး၊ သူတို့သည် ခရစ်တော်နှင့်အတူ အနှစ်တစ်ထောင်လုံးလုံး စိုးစံနိုင်ကြမည်ဖြစ်သည် - ၁ကော၊၆း၉-၁၀။ ဂလ၊၅း၁၉-၂၁။ ဧ၊၅း၅။ ဗျာ၊၂၀း၄၊ ၆။

4. ထာဝရနိုင်ငံတော်အဖြစ် ဘုရားသခင်၏နိုင်ငံတော်သည် ထာဝရကာလပတ်လုံး ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ဘုရားသခင်၏ ရွေးနုတ်ခံများအားလုံးအတွက် ဘုရားသခင့်ထာဝရအသက်၏ ထာဝရကောင်းချီးမင်္ဂလာဖြစ်လိမ့်မည်ဖြစ်သည် - ၂၁း၁-၄။ ၂၂း၁-၅၊ ၁၄၊ ၁၇။

E. တမန်တော် ၁၄း၂၂ တွင် ပေါလုက ယုံကြည်ခြင်း၌ ဆက်လက်ရှိနေကြသော ယုံကြည်သူများအား များစွာသော ဘေးဒုက္ခများမှတစ်ဆင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏နိုင်ငံတော်အထဲသို့ ဝင်ရောက်ရမည့်အကြောင်း တောင်းပန်ပြောဆိုခဲ့သည်၊ အကြောင်းမှာ လောကတစ်ခုလုံးသည် ကျွန်ုပ်တို့၏ဝင်ရောက်ခြင်းကို ဆန့်ကျင်နေသောကြောင့် ဖြစ်သည်။ ဘုရားသခင်၏နိုင်ငံတော်အထဲသို့ ဝင်ရောက်ခြင်းမှာ နိုင်ငံတော်အဖြစ် ခရစ်တော်ကို အပြည့်အဝ မွေ့လျော်ဝမ်းမြောက်ခြင်းအထဲသို့ ဝင်ရောက်ရန် ဖြစ်သည်။

F. တမန်တော် ၁၉ တွင် စာတန်သည် မြေကြီးပေါ်မှ ဘုရားသခင်က ကိုယ်တော်၏ နိုင်ငံတော် ပျံ့နှံ့စေခြင်းအား ဆန့်ကျင်တိုက်ခိုက်နေကြောင်း ကျွန်ုပ်တို့မြင်ရသည်။ ခရစ်တော်၏ တိုးပွားပျံ့နှံ့ခြင်းအတွက် အောင်မြင်လွှမ်းမိုးသော အမှုတော်မှာ ဘုရားသခင်၏နိုင်ငံတော်အတွက် စစ်တိုက်ခြင်း၊ စစ်ပွဲတစ်ခုပင် ဖြစ်သည် - အငယ်၊၂၃-၄၁။

G. တမန်တော် ၂၈း၃၁ တွင် ပေါလုက ဘုရားသခင်၏နိုင်ငံတော်ကို ကြွေးကြော်ကြေညာခြင်းမှာ ရှင်ပြန်ထမြောက်သော ခရစ်တော်၏ တိုးပွားပျံ့နှံ့ခြင်း ဖြစ်သည်။

1. ဤအရာကို *သခင်ယေရှုခရစ်နှင့်စပ်လျဉ်းသော အရာများကို သွန်သင်ခြင်း* ဟူသောစကားအားဖြင့် သက်သေပြထားပြီး၊ ယင်းမှာ ဘုရားသခင်၏နိုင်ငံတော်နှင့်အတူတကွ သွားနေသည့် အရာများဖြစ်သည် - အငယ်၊၂၃။

2. ခရစ်တော်နှင့်စပ်လျဉ်းသည့်အရာများကို သွန်သင်ခြင်းမှာ ဘုရားသခင်၏နိုင်ငံတော်ကို ပျံ့နှံ့စေခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏နိုင်ငံတော်သည် အမှန်မှာ ရှင်ပြန်ထမြောက်သည့် ခရစ်တော်၏ တိုးပွားပျံ့နှံ့ခြင်း - ယနေ့ ယုံကြည်သူများမှတစ်ဆင့် ဆက်လက်၍ သယ်ဆောင်သွားရမည့် ဖြစ်စဉ် - ဖြစ်လေသည် - အငယ်၊၃၁။

© 2024 Living Stream Ministry